ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (19-11-2011) (၆၉၄၈)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

## ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်း၊ ပူးပေါင်းကော်မတီဝင် အစားထိုးတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်း(၁)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

**ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်(၅၈၄)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်း၊ ပူးပေါင်းကော်မတီဝင် အစားထိုးတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်း (၁)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို



စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်းအပေါ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုသို့ပြောကြားရာတွင် နိုဝင်ဘာ ၁ ရက်တွင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၄)ရက်မြောက်နေ့တွင် တင်သွင်းအတည်ပြုခဲ့သည့် "အောက်တိုဘာ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ /မရှိ သံသယရှိသောကိစ္စများ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးပါရန်"အဆိုကို ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ နိုဝင်ဘာ ၂ ရက်တွင် ပေးပို့လာပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၁၉-၁၁-၂၀၁၁[စနေနေ့]။

## နိုင်ငံချစ်စိတ်အရင်းတည် အမျိုးသားရေးစွမ်းရည်

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံ။ ရှေးဘိုးဘေးအစဉ်အဆက်မှသည် ယနေ့ကာလတိုင်အောင် တစ်မြေတည်းနေ တစ်ရေတည်းသောက် ပေါင်းစည်းချစ်ကြည်နေထိုင်လာခဲ့ကြပြီ။ ကိုယ်ထူးကိုယ်ချွန်ရပ်တည်နိုင်စွမ်းရှိကြသူများဖြစ်သည်။

သမိုင်းစဉ်တစ်လျှောက် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့သော နိုင်ငံ။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ ဖြစ်ထွန်းပိုင်ဆိုင်သော နိုင်ငံ။ ယင်းသို့ဖြစ်တည်ထွန်းကားနေသည့် အမျိုးသားယဉ်ကျေးမှုအဆင့်အတန်းကို မြင့်မားအောင် မြှင့်တင်ထိန်းသိမ်းကြရပါမည်။ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာလျှင် ကမ္ဘာ့အလယ်တွင် မျိုးရိုးဇာတိဂုဏ်အင် မြင့်မားသည့် လူမျိုးအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်ဖြစ်သည်။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးအတွက် နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေရပေမည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် အမျိုးသားရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့သမိုင်းတွင် အောင်ပွဲအလီလီရရှိခဲ့သည့် သာဓကများစွာရှိသည်။

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ကမ္ဘာတွင် ဩဇာအင်အားကြီးမားသော နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် အတွေးအခေါ်နှင့် ယဉ်ကျေးမှုဆိုင်ရာများ လွှမ်းမိုးနိုင်ရေး အားထုတ်နေကြပြီ။ မြန်မာနိုင်ငံကဲ့သို့ ပထဝီနိုင်ငံရေးအရ အချက်အချာကျ အရေးပါသည့်နိုင်ငံအနေဖြင့် မိမိတို့ကိုယ်ပိုင် အမျိုးသားရေးစရိုက်လက္ခဏာများ ယိမ်းယိုင်ပျောက်ကွယ်မသွားစေရေး အမျိုးသားရေးသတိရှိကြရပါမည်။

ပြင်ပမှ ထိုးဖောက်ဝင်ရောက်လာနေသည့် ယဉ်ကျေးမှုနှင့် လူမှုရေးစရိုက်လက္ခဏာများကို လူမှုရေးတံတိုင်း၊ စီးပွားရေးတံတိုင်းများဖြင့် ကာရံထားကြရပေမည်။ ကိုယ့်နိုင်ငံကို ချစ်သည့်စိတ်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတွယ်တာတန်ဖိုးထားသည့်စိတ်တို့ဖြင့် အမျိုးသားရေးအမြင် ကြည်လင်နေရန် လိုအပ်မည်ဖြစ်သည်။ အတွေးမှန်၊ အသိမှန်၊ အမြင်မှန်နေမှသာ ဆုံးဖြတ်လုပ်ကိုင်ရာတွင် မှန်ကန်နိုင်မည်ဖြစ်သည်။

မြန်မာတို့၏ အမျိုးသားရေးစွမ်းရည်သည် မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကို အရင်းခံသည်။ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ညီညွတ်မျှတသော လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်နိုင်ခဲ့ကြပြီ။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဇာတိသွေး ဇာတိမာန် ထက်မြက်ရှင်သန်မှု အမျိုးသားရေးစွမ်းရည်အားဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေး သမိုင်းပေးတာဝန်များ ကျေပွန်အောင် ဆက်လက်စွမ်းဆောင်သွားကြရန် တိုက်တွန်းပါသည်။ ။




## ဧရာဝတီဘဏ်၏ ဘုရင့်နောင်ဘဏ်ခွဲနှင့် ယူနိုက်တက်အမရာဘဏ်၏ ဘုရင့်နောင်ဘဏ်ခွဲဖွင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၈

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း၌ ကျင်းပသည့် ဧရာဝတီဘဏ်၏ ဘဏ်ခွဲ(၁၆)ခုမြောက် ဘုရင့်နောင်ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး** (အပေါ်ပုံ) **ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။**

ဆက်လက်၍ ဘုရင့်နောင်ပွဲရုံတန်းရှိ ယူနိုက်တက်အမရာဘဏ်၏ အဌမမြောက် ဘုရင့်နောင်ဘဏ်ခွဲဖွင့်ပွဲသို့ တက်ရောက်၍ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်သတင်းစာ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် မီဒီယာကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဒေသခံပြည်သူလူထုက သိရှိသဘောပေါက်နားလည်ပြီး ဒေသခံပြည်သူများ၏ ခံစားချက်နှင့် လိုလားချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန် မြို့တော်သတင်းစာက ကြားခံမီဒီယာအနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနေသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ မြို့တော်သတင်းစာ နေ့စဉ်ထွက်ရှိရေးအတွက် အနှစ်(၂၀)တိုင် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့သည့် ဂုဏ်ထူးဆောင်ဆုရ အယ်ဒီတာ ဦးခင်မောင်ဖြူအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လည်းကောင်း၊ အကောင်းဆုံးမြို့တော်သတင်းဆုရ သတင်းထောက်ချုပ် ဦးစောသိန်းဝင်းအား ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က လည်းကောင်း၊ သတင်းအများဆုံးပေးပို့မှု ဆုရရှိကြသည့် သတင်းထောက် ဦးအောင်မြင့်ဌေးနှင့် သတင်းထောက် ဦးအေးအောင်တို့အား တာဝန်ရှိသူတို့ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၅)
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ခေတ်သစ်ချစ်သူ (လွင်မိုး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ- ကိုဇော်(အရုဏ်ဦး)]**
- ၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၄)**

**ညပိုင်း**

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၆။ သန့်စွာကိုင်လေစက္ကူငွေ
- ၄း၃၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၈။ ကုန်သွယ်သုတ
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၈)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ လူရွှင်တော်စတား
- ၂၁။ လှျပ်တစ်ပြက်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၂)**
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၆)**
- ၂၅။ အစီအစဉ်ပြီး၏။

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ပခုက္ကူ၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေနှင့် စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပခုက္ကူမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်က မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေကျပ် ၁၀ သိန်းကို ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ ရွှေအုန်းမှင်စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်ထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသည့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်များကို ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းက ပခုက္ကူမြို့နယ် အိုင်ရှည်ရွာ အပ္ပမာဒစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရေစကြိုမြို့နယ် မုံညင်းကျေးရွာ ငြိမ်းချမ်းသူ စာကြည့်တိုက်နှင့် ဆိပ်ဖြူမြို့နယ် ဝွေးပင်ကျေးရွာ အလင်းသစ် စာကြည့်တိုက်တို့အတွက် မြို့နယ်ဦးစီးမှူးများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နွားထိုးကြီးမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

နွားထိုးကြီးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သံဃာတော်များနှင့် သက်ကြီးပူဇော်ပွဲ၊ ဘွဲ့လွန်ထူးချွန်ပညာရှင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းထိပ်ရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ နွားထိုးကြီးမြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက် (၇၅)နှစ်ပြည့်ပြီးသော သက်ကြီးဘိုးဘွားများ၊ ဘွဲ့လွန်ထူးချွန်ပညာရှင်များနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများသည် ဒီဇင်ဘာ ၁၅ ရက်ထက် နောက်မကျဘဲ စာရင်းပေးပို့ကြပါရန်နှင့် လှူဒါန်းငွေနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း-၂၂၂၂၆၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းတင့် ဖုန်း-၅၁၃၁၆၈၊ ဦးဝင်းထိန် ဖုန်း-၀၉-၅၀၁၇၁၀၅ နှင့် ဦးစိန်လှိုင် ဖုန်း-၅၄၄၈၆၈ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈ -၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၉၄၉ | ၀. ၀၃၂၂၆ |
| တရုတ် (ယွမ်) | ၆. ၃၅၈၆၀ | ၀. ၁၅၇၂၇ |
| အိန္ဒိယ (ရူပီး) | ၅၁. ၁၉၀၇ | ၀. ၀၁၉၅၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၅၀၁ | ၀. ၃၁၅၉၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၅၅၆ | ၀. ၇၇၁၈၇ |
| ဂျပန် (ယန်း) | ၇၆. ၆၆၃၉ | ၀. ၀၁၃၀၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၉. ၁၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၃၆၈၉ | ၁. ၃၅၇၀၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၂၀၆ | ၁. ၅၈၂၁၃ |

အင်တာနက်။



**ရန်ကုန်မြို့ လှိုင်မြို့နယ် သီရိမင်္ဂလာဆွမ်းလောင်းအသင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

## မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ရန်ပုံငွေအငြိမ့်ပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေး)မှ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဖြစ်သော နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ရန်ပုံငွေအငြိမ့်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အငြိမ့်ပွဲတွင် ရွာစားစံရင်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ချောစုမျိုး၊ ရှေ့ထွက်မင်းသမီး သစ်သစ်လွင်၊ လူရွှင်တော် စိန်သီး၊ ဇီးသီး၊ ဂေါ်ဇီလာ၊ ကင်းကောင်၊ ကျော်ထူးတို့က ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။ ရန်ပုံငွေဖျော်ဖြေပွဲ လက်မှတ်ခနှုန်းထားများမှာ ငွေကျပ် ၁၀၀၀၀၊ ၅၀၀၀၊ ၃၀၀၀ သတ်မှတ်ထားပြီး အသင်းဝင်များနှင့် မသန်စွမ်းသူများအား အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ထားရှိသည်။

(၀၀၂)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုတိယအကြိမ် ဗဟိုအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တောင်သူလယ်သမားများ ဝင်ငွေစီးပွားတွက်ခြေကိုက်ပြီး ရေရှည်ဈေးကွက် ခိုင်မာရေးအတွက် ပြည်တွင်းဈေးကွက် အနေအထားသာမက ပြည်ပဈေးကွက်နေရာ ရရှိရန် ဈေးကွက်၏လိုအပ်ချက် အရည်အသွေးနှင့် အရေအတွက် တိုးတက်ကောင်းမွန်အောင် အားသွန်ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိစပါးစိုက်တောင်သူများ စပါးသီးနှံမှ အကျိုးစီးပွား ရရှိခံစားနိုင်ရေးအတွက် လက်တွေ့ကျသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုတိယအကြိမ် ဗဟိုအဆင့်အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရှင်းလင်းပြောကြားသည်။

ထို့ပြင် စိုက်နည်းစနစ်ပိုင်းတွင် ခေတ်မီသိပ္ပံနည်းကျစနစ်များ ပြောင်းလဲအသုံးပြုခြင်း၊ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်း၊ သွင်းအားစုဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ စိုက်ပျိုးရေများကို ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များနှင့် ကုန်သွယ်မှု ရွှေ့ပြောင်းသယ်ယူမှု ကုန်ကျစရိတ်များ လျှော့နည်းသက်သာစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအား ပုဂ္ဂလိက အခန်းကဏ္ဍမှ ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံလာစေခြင်းစသည့် နည်းလမ်းများဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အဓိကသော့ချက်ဖြစ်သည့် စပါးသီးနှံမှ တောင်သူလယ်သမားများ ဝင်ငွေ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းရရှိခံစားနိုင်ရေးအတွက် လက်တွေ့နည်းလမ်းများကို ထိထိရောက်ရောက် ပူးပေါင်းပါဝင်ရိုင်းပင်းကူညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေကို လက်ရှိအခြေအနေမှ ဝင်ငွေ(၂)ဆ တိုးတက်အောင် ပထမအဆင့်ရည်မှန်းချက် တိတိကျကျထားရှိပြီး လယ်သမားများ၏ ယုံကြည်မှု ကိုယ်တိုင် ဆန္ဒပြင်းပြစွာဖြင့် ပူးပေါင်းပါဝင် လုပ်ဆောင်လာမှုရရှိအောင် စံနမူနာပြ စိုက်ကွင်းကြီးများ အပြိုင်အဆိုင်ထူထောင်ပြီး ယှဉ်ပြိုင်ကြိုးစားလိုစိတ်ဖြင့် လက်တွေ့ပြသခြင်း နည်းလမ်းဖြင့် ညီညာစွာ အကောင်အထည်ဖော်ကြရန် ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။



ယင်းနောက် မြန်မာနိုင်ငံ၏ လက်ရှိလယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု တိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ပြည်ပ Export အတွက် အဆင့်မြင့် ဆန်စက်များ၊ အဆင့်မြင့်ထုပ်ပိုး Packing စက်များကိုလည်း နေပြည်တော်ကောင်စီနယ်မြေတွင် တည်ထောင်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နေပြည်တော်ကောင်စီနယ်မြေတွင် ဆောင်ရွက်နေသည့် စက်မှုလယ်ယာစနစ်နှင့် ရေသောက်စနစ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အထူးအထွက်တိုး စပါးမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများက မိမိတို့ဒေသအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဝန်ကြီးရုံးဧည့်ခန်းမ၌ ခင်းကျင်းပြသထားသည့် ဇီဝ-ဓာတုနည်းဖြင့် အပင်ပေါက်နိုင်မှု စမ်းသပ်ခြင်းများ၊ မျိုးစေ့အစိုဓာတ် တိုင်းတာခြင်းကိရိယာများ၊ မျိုးစေ့အရည်အသွေးနှင့် ဆန်အရည်အသွေးစစ်ဆေးခြင်း ပြခန်း၊ မျိုးစေ့ထုတ်လုပ်ရေးနှင့် နည်းပညာလုပ်ရှားမှုမှတ်တမ်း ပြခန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ သီးနှံအထူးပြုကုမ္ပဏီများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှစ်မြို့နယ်မှ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရှင်းလင်းပြောကြား

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုတိယအကြိမ် ဗဟိုအဆင့် အစည်းအဝေး၌ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



**(၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဦးစီးကော်မတီအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

# (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပနိုင်အောင် ဝိုင်းဝန်းပူးပေါင်း ပံ့ပိုး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေး၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ခေတ်အဆက်ဆက်မှ ယနေ့အထိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းဆေးသမားတော်များ တွေ့ဆုံ၊ ညှိနှိုင်း၊ တိုင်ပင်ဆွေးနွေးခွင့်ရရှိကြ၍ ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရရှိစေပါကြောင်း၊ ယခု (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် ဝိုင်းဝန်းပူးပေါင်း၊ ပံ့ပိုးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဦးစီးကော်မတီ အစည်းအဝေး၌ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (သတ္တမနေ့)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

**ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(သတ္တမနေ့)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်သည့် မေးခွန်း(၇)ခု၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ပတ်သက်သည့် မေးခွန်း(၁)ခု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် မေးခွန်း(၆)ခု၊ မြေယာ၊ ဆည်မြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် မေးခွန်း(၅)ခု၊ စည်ပင်သာယာလမ်းများနှင့် ပတ်သက်သည့် မေးခွန်း(၃)ခု၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်း(၂)ခု၊ မက်သနောစက်ရုံနှင့် ပတ်သက်သည့် မေးခွန်း(၁)ခု စသည့် မေးခွန်း(၂၅)ခုတို့ကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ နိုဝင်ဘာ ၁၄ ရက်က တင်သွင်းခဲ့သော ပညာရေးကဏ္ဍမြင့်တင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သင့်ကြောင်းအဆို၊ အုတ်ဖုတ်ခြင်းလုပ်ငန်းများအား သဘာဝဓာတ်ငွေ့(သို့မဟုတ်) စပါးခွံလောင်စာ(သို့မဟုတ်) မီးသွေးတောင့်ဖြင့်သာ လုပ်ကိုင်ခြင်းပြုရန် ဥပဒေကြမ်းပြဋ္ဌာန်းတားဆီးသင့်ကြောင်း အဆိုနှင့် ဆည်ချုပ်(ဆည်ပိတ်)ရမည့်အချိန်၊ ဆည်ဖြတ်ရမည့်အချိန် သတ်မှတ်ပေးရန်နှင့် အင်းဂရန်မြေခွဲခြားပေးရန်အဆိုတို့ကို ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အဆိုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

၂၀၁၁ ခုနှစ် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် မီတာ (၅၀/၁၀၀/၂၀၀) အပြေးပြိုင်ပွဲ၊ မီတာ (၁၀၀)လမ်းလျှောက်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ဆော့(ဖ်)ဘောပစ်ပြိုင်ပွဲနှင့် ဘိုချီပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီတွင် နောက်ဆုံးပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေတံဆိပ် ၃၉ ခု၊ ငွေတံဆိပ် ၄၀ နှင့် ကြေးတံဆိပ် ၄၁ ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



# စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ ကျင်းပ

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ မြို့နယ်များမှ ဒုတိယဦးစီးမှူး ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒလ အထက(၁) အာစရိယပူဇော်မည်

**ဒလ နိုဝင်ဘာ ၁၈**

ဒလမြို့ အထက(၁) (၁၉၆၅-၁၉၇၅)၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ယင်းကျောင်း ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အထက(၁) ဒလ ဖုန်း-၂၆၉၄၈၀၊ ဦးသန်းဆွေ ဖုန်း-၀၉-၅၀၃၉၃၄၄၊ ဦးစိုးလှ ဖုန်း-၀၉-၅၁၈၈၇၅၄၊ ဦးတင်မြင့် ဖုန်း-၀၉-၅၀ ၀၉၂၆၄၊ ဦးဝင်းသိန်း ဖုန်း-၀၉-၅၁၂၈၃၉၄၊ ဦးလှအောင် ဖုန်း-၀၉-၈၆၁၃၇၄၀၊ ဦးမျိုးလွင် ဖုန်း-၂၆၉၀၀၂၊ ဒေါ်သန်းသန်းစိုး ဖုန်း-၀၉-၈၆၄၀၄၁၉ နှင့် ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၁၄၃၇၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh က ဂုဏ်ပြုအခမ်းအနားဖြင့်ကြို

နေပြည်တော် နိုဝင်ဘာ ၁၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဌာနချုပ်ရုံး (K-2000)၌ ကျင်းပသည်။**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား တက်ရောက်ရန် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဌာနချုပ်ရုံး (K-2000)သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဗီယက်နမ် အမျိုးသမီးငယ်တစ်ဦးက ဂါရဝပြု ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

**မိတ်ဆက်ပေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt. General Tran Quang Khue နှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဟနွိုင်းမြို့ရှိ ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဌာနချုပ်ရုံး (K- 2000) အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲခန်းမ (International Talking Room) ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း လုံခြုံရေးငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြပြီး နှစ်နိုင်ငံ တပ်မတော် အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန် လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh တို့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)





**အလေးပြုခြင်းခံယူ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနရုံး၏ အကြီးအကဲ Maj- General Vu Van Hien နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနရုံး၏ အကြီးအကဲ Maj- General Vu Van Hien၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် စစ်သံမှူး Snr. Col. Nguyen Van Vui နှင့် တာဝန်ရှိသူများ၊ သံရုံးယာယီတာဝန်ခံ ဒေါ်မွှေးမွှေးခိုင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် ဇနီး ဒေါ်မြမြဝင်း၊ တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဟနွိုင်းလေဆိပ်ရှိ ဧည့်ခန်းမသို့ရောက်ရှိကြရာ မြန်မာကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ကြပြီး ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တ တည်းခိုမည့် Melia Hanoi Hotel သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ညစာစားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် ဗီယက်နမ်ဖျော်ဖြေရေးအဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့က နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီတွင် ဟန္နိုင်းမြို့ရှိ Melia Hanoi Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်တို့က မိန့်ခွန်းပြောကြားကြသည်။

ညစာသုံးဆောင်နေစဉ် ဗီယက်နမ်နိုင်ငံ တပ်မတော်တေးဂီတအဖွဲ့က အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ညစာစားပွဲအပြီးတွင် နှစ်နိုင်ငံ တပ်မတော်ခေါင်းဆောင်များသည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်၍ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် Melia Hanoi Hotel ၌ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကိုပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာမှ ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွား သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သောင်းအေး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များလည်း ပြန်လည်လိုက်ပါခဲ့ကြသည်။

(သတင်းစဉ်)



ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ အထက ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေ နေ့) နံနက် ၉ နာရီတွင် မုတ္တမ အထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် (၆၀) ပြည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာ သန်းဦး ဖုန်း-၀၅၇-၄၅၀၆၁၊ ဦးသိန်းဝင်း ဖုန်း-၀၅၇-၄၅၀၅၃၊ ဦးနိုင်ထွန်း ဖုန်း-၀၅၇-၄၅၀၉၉၊ ဒေါ်မြညွန့်ရည် ဖုန်း-၀၅၇-၂၇၀၆၇၊ ဦးကျော်ရင် (ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၄၅၀၄၅၊ ဦးကိုကိုလေး ဖုန်း-၀၁-၅၈၀၁၂၁၊ ဦးစိုဝင်း ဖုန်း-၀၉၅၁-၁၃၁၅၉၊ ဦးသိန်းဝင်း ဖုန်း-၀၉၅၀-၀၆၁၈၉၊ ဦးကျော်ဦး ဖုန်း-၀၉၄၉-၂၉၅၆၈၀၊ ဦးတင်မောင် ဖုန်း-၀၉၈၆-၂၃၆၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၁-၂၀၁၁ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပါရာယနသုတ္တန်" တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၅)**
- ၈း၄၅ မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ" (အပိုင်း-၂)
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၁၀ Wedding & Life Style Expo' 2011
- ၁၀း၃၀ သွားမယ်စားမယ်
- ၁၁း၀၅ Activities In The City
- ၁၁း၂၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၄)**
- ၁၂း၂၅ ဝက်ခြံနှင့် အသားအရေထိန်းသိမ်းခြင်းဆိုင်ရာဆွေးနွေးခန်း (အနုပညာရှင်တွေရဲ့ကဏ္ဍ)
- ၁း၀၀ "ပါရာယနသုတ္တန်" တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ VJ Choice
- ၃း၀၀ Activities In The City
- ၃း၁၅ Kid's Show
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၅)**
- ၄း၄၀ ကမ္ဘာ့ဖက်ရှင်ကြယ်ပွင့်လေးများဆီသို့
- ၄း၅၅ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ ခုနှစ် မြန်မာ့သစ်တော ရက်သတ္တပတ်
- ၅း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၅)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၀)**
- ၇း၁၀ မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ" (အပိုင်း-၃)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Fashion Week
- ၈း၄၅ Movie Talk
- ၉း၀၅ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၂၅ Barclays Premier League (Everton Vs Wolverhampton Wanderers)
- ၁၁း၂၅ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၁း၅၅ Barclays Premier League (Swansea City Vs Manchester United)
- ၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၆)**
- ၂း၄၀ ပေါ့ပေါ့ပါးပါးဂေါက်သီးအားကစား (အခြေခံ) လေးပုံသုံးပုံလွှဲချက် ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း
- ၂း၅၀ ခါတလှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ. . .
- ၃း၀၀ World of Knowledge
- ၃း၅၀ လှမ်းလာခဲ့ပါ. . . နောင်အင်းလေးကကြိုနေမှာ
- ၄း၁၀ "တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ"
- ၄း၂၅ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
- ၄း၄၀ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
- ၅း၀၀ အစီအစဉ်ပြီး။

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၅ | Norwich City - Arsenal | (ESPN) |
| ၉း၂၅ | Everton - Wolverhampton Wanderers | STAR SPORTS (MRTV-4) |
| ၉း၂၅ | Manchester City - Newcastle United | ESPN |
| ၁၁း၅၅ | Swansea City - Manchester United | (ESPN) (MRTV-4) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# မျိုးချစ်စိတ်ဓာတ် အရင်းတည် ဒို့မြန်ပြည်

## မြင့်မောင်စိုး

**စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဟူသည်-**

**"ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီး သည်။"**

**"ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့် ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ် သည်။"**

ဤသို့ဆိုလျှင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ပေါက်ဖွား ရာ အမျိုးသားနေ့ကိုကား မမေ့အပ်ပေ။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ ကျရောက်တိုင်း အမျိုးသားနေ့အခမ်းအနားများကို နိုင်ငံ တစ်ဝန်း ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၉၁)နှစ် မြောက်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ဆိုလျှင် အမျိုးသားနေ့ အခမ်းအနားကို နိုင်ငံတော်ကဦးဆောင်ပြီး အောက် ဖော်ပြပါ ဦးတည်ချက်လေးရပ်နှင့်အညီ ကျင်းပမည် ဖြစ်သည်-

- **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊**
- **အမျိုးသားပညာရည်မြင့်မားရေး၊**
- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။**

အမျိုးသားနေ့သည် ကိုလိုနီကျွန်ပညာရေး ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရာမှ စတင်ပေါက်ဖွားလာရခြင်း ဖြစ်ပေသည်။ ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ ရသည့် မြန်မာနိုင်ငံ၌ နယ်ချဲ့တို့ ပြဋ္ဌာန်းပေးခဲ့သော ပညာရေးစနစ်မှာ ယင်းတို့၏ အုပ်ချုပ်ရေးယန္တရားကို အထောက်အကူပြုစေသည့် ကိုလိုနီပညာရေးစနစ်သာ ဖြစ်ပေသည်။

ဗြိတိသျှတို့သည် ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ယူနီဗာစီတီအက်ဥပဒေကို ပြဋ္ဌာန်းရန် စတင် ကြိုးပမ်းပြင်ဆင်ခဲ့ကြသည်။ ယင်းဥပဒေကြမ်း တွင် မြန်မာတို့အတွက် အထက်တန်းပညာရပ်များကို သင်ကြားနိုင်ရန် ခက်ခဲစေသည့်အချက်များမှာ-

- မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုတည်း သာထားရှိပြီး ယင်းတက္ကသိုလ်အောက်တွင် ကောလိပ်တစ်ခုသာ ထားရှိရမည်ဟူသော အချက်၊
- တက္ကသိုလ်ပညာသင်လိုသူများသည် ကျောင်း အိပ်ကျောင်းစားနေရမည် ဟူသောအချက်၊

စသည်တို့ဖြင့် ကန့်သတ်ချုပ်ချယ်မှုများ ပါရှိခဲ့သည်။

ထို့ကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသူများသည် ယင်းဥပဒေကြမ်းကို ဆန့်ကျင်ကန့်ကွက်ကြသည်။ ယင်းသို့ ကန့်ကွက်နေသည့်ကြားမှပင် ဗြိတိသျှအစိုးရ သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ယူနီဗာစီတီ အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။

ယင်းသို့ အတည်ပြုပြဋ္ဌာန်းလိုက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် တို့၌ ယူနီဗာစီတီအက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)နေ့တွင် တက္ကသိုလ်ကျောင်းသားများက "ကိုလိုနီ ပညာရေးစနစ်"ကို ဆန့်ကျင်ကြောင်း ရဲဝံ့စွာ ပြသခဲ့ကြ ပေသည်။ ယင်းသို့ ဆန့်ကျင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး က နယ်ချဲ့အစိုးရကို နိုင်ငံရေးအရ၊ စီးပွားရေးအရ အုံကြွ ဆန့်ကျင်မှုများသည် ထင်ရှားစွာပေါ်ပေါက်ခဲ့သည်။ ရန်ကုန် မြို့ ဗဟန်းမြို့နယ်တွင် အမျိုးသားကောလိပ်နှင့် တစ်နိုင်ငံ လုံးတွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ မြန်မာတို့၏ မေးမှိန်နေသော အမျိုးသားရေးစိတ်ဓာတ် များ ပြန်လည်နိုးကြားလာကာ ထိုအချိန်မှစ၍ အမျိုးသား စည်းလုံးညီညွတ်မှု အရှိန်အဟုန်သည်လည်း ပိုမိုတိုးတက် မြင့်မားလာခဲ့သည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ် 'ဂျီစီဘီအေ' ညီလာခံကြီးတွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)နေ့ကို အမျိုးသား နေ့အဖြစ် သတ်မှတ်ရန် ဆွေးနွေးခဲ့ကြပြီး ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က ဆုံးဖြတ်ခဲ့ကြ သည်။ အမျိုးသားနေ့အခမ်းအနားများကိုလည်း စဉ်ဆက် မပြတ် ကျင်းပခဲ့ကြပေသည်။ နောက်ဆုံးတွင် ဗြိတိသျှ အစိုးရသည် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး အများပြည်သူရုံးပိတ် ရက်အဖြစ်ပါ သတ်မှတ်ပြဋ္ဌာန်းခွင့်ပြုပေးခဲ့ရပေသည်။

ဤသို့ဖြင့် အမျိုးသားနေ့ကြီးသည် မြန်မာတို့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နယ်ချဲ့အစိုးရကို စတင်တော်လှန်ရန် တပ်လှန့်နှိုးဆော်ပေးခဲ့သောနေ့ ဖြစ်ရုံမျှမက မြန်မာ့လွတ်လပ်ရေးသမိုင်းတွင်လည်း ထင်ရှားသော အဓိကမှတ်တိုင်ကြီးတစ်ခုဖြစ်ခဲ့ရသည်။

မြန်မာတို့အနေဖြင့် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိစေရန် နှစ်ပေါင်း ၁၀၀ ကျော် အသက်၊ သွေး၊ ချွေးများစွာစတေး၍ ပြန်လည်ကြိုးပမ်းရယူခဲ့ရကြောင်း အစဉ်မပြတ် သတိချပ်သင့်လှပေသည်။ ထို့ကြောင့် ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာ နိုင်ငံနှင့် လူမျိုး အကျိုး အတွက် မှန်ကန်သော အမျိုးသားနိုင်ငံရေးအသိဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ရမည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ကံကြမ္မာ ကို မှန်ကန်စွာ ဖန်တီးနိုင်ရေးအတွက် အမျိုးသားရေး စိတ်ဓာတ် ပြည့်ဝရင့်ကျက်ရန်လည်း လိုအပ်လှပေသည်။ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလာမည့် မည်သည့် ပြည်တွင်းပြည်ပ အန္တရာယ်ကိုမဆို ပြည်ထောင်စုဖွား ညီနောင်များက တစ်စိတ်တစ်ဝမ်းတည်းဖြင့် တွန်းလှန် ဖယ်ရှားကြရမည်ဖြစ်ပေသည်။ အတိတ်သမိုင်းဆီမှ အမျိုး သားယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ ပျက်သုဉ်းပြီး ခါးသီးလှစွာသော သူ့ကျွန်ဘဝခံစားရမှုများ၊ နာကြည်းဖွယ်ဖြစ်ရပ်များကို သင်ခန်းစာရယူကြကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အစဉ်ကြိုးပမ်း ကြရပေမည်ဖြစ်သည်။

ယနေ့ နိုင်ငံတစ်ဝန်းကို ရှုမျှော်၍ ကြည့်နိုင်ပါသည်။ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံအဖြစ်သို့ တည်ဆောက်လျက်ရှိပါသည်။ အမျိုးသားနိုင်ငံရေးကဏ္ဍတွင် မျိုးချစ် စိတ်ထက်သန်စွာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ကာကွယ် စောင့်ရှောက်လျက်ရှိပါသည်။ နိုင်ငံတော် ကဏ္ဍအသီးသီး ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပေရာ ပညာရေးကဏ္ဍအနေဖြင့်လည်း အမျိုးသား ပညာရည်မြင့်မားရေးအတွက် စီမံချက်များ ချမှတ်ဆောင် ရွက်လျက်ရှိပါသည်။ ပညာရည်မြင့်မားပြီး မျိုးချစ်စိတ် အခြေခံကောင်းများနှင့် ပြည့်ဝသည့် လူ့စွမ်းအားအရင်း အမြစ်များကိုလည်း အနာဂတ်လူ့အဖွဲ့အစည်းအတွက် စေတနာ၊ အမြော်အမြင်ကြီးစွာ ပြုစုပျိုးထောင်လျက်ရှိပါ သည်။

ယခုဆိုလျှင် မြန်မာ့မျိုးချစ်စိတ်ကို မှတ်ကျောက် တင်ပြခဲ့သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် တည်ထောင်ခြင်းအားမာန်ကို ပျိုးထောင် ခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် (၉၁) နှစ် တိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံး ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည့် မျိုးချစ်စိတ်နှင့်တကွ ရင့်ကျက် မှန်ကန်သော အမျိုးသားနိုင်ငံရေးအသိအမြင်နှင့် အမျိုး သားရေးတာဝန်များကို ဆက်လက်ထမ်းရွက်ကြရမည် ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသော မြန်မာ တိုင်းရင်းသားတိုင်းသည် **"မျိုးချစ်စိတ်အရင်းတည် ဒို့မြန်ပြည်"**ဟု ဂုဏ်ယူဝင့်ကြွားလျက် ကျွန်ုပ်တို့ မျိုးချစ် စိတ်ဖြင့် တည်ထောင်ခဲ့သော ပြည်ထောင်စုကြီး မပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးလည် မသုန် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းလိုက်ရပေသည်။ ။

(၉၁) နှစ်မြောက်

# အမျိုးသားနေ့

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂၈-၁၁-၂၀၁၁)

## မမေ့တဲ့ နေ့တစ်နေ့

❖ ထူးမြတ်တဲ့ နေ့တစ်နေ့ပေပေါ့
မေ့လို့ဖြင့် မရပါပြီ။
❖ တနိုးတကြားပါပဲ
အမျိုးသားပညာရေးကိုဖြင့်
အလေးတမူမြှင့်တင်လို့သာ
ဒို့ဘာသာ ဒို့စာဘဝကို
လုစေခဲ့သည်။
❖ ဒို့တိုင်းနဲ့ဒို့ပြည်
ဒို့စည်နဲ့ဒို့မောင်း။
❖ သခင်မျိုးကိုဖြင့်
ကျွန်မိုးတွေ ဘယ်လိုရွာတော့
ဒို့ကိုယ်မှာ မစိုရွှဲပါဘု
ရဲခဲ့ပြီ ဒို့တရားဟာ
မြဲခဲ့သည် ဒို့စားရယ်နဲ့
ကြွေးခဲ့သည် ဒို့လုပ်ရပ်ရယ်က
ဂုဏ်ဒြပ်ဖြာ တိုးပွားလို့သာဖြင့်
အမျိုးသား စိတ်ဓာတ်ထူးတွေ
ဖူးပွင့်လာ ထိုတစ်နေ့ကို
မမေ့ပါကြောင်း။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

## ဆကာကြီးအထက မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဆကာကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်း "အောင်ဆန်းခန်းမ"၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ မပျက်မကွက် တက်ရောက် ကြပါရန်နှင့် ဦးတိုက်စိုး(ဆကာကြီး)ဖုန်း- ၀၉-၈၅၈၁၇၃၈၊ ဦးကျင်ထိန်(ဆကာကြီး) ဖုန်း-၀၉-၈၅၈၁၇၃၆၊ ဦးဝင်းမြင့် (ဆကာကြီး) ဖုန်း-၀၉-၈၅၈၁၆၇၆၊ ဦးဝင်း ခိုင်(ဆကာကြီး) ဖုန်း-၀၉-၈၅၃၄၁၃၃၊ ဦးဝင်းနိုင်(ဆကာကြီး) ဖုန်း-၀၉-၈၅၃၄ ၁၁၆၊ ဦးစံဝင်း(စမ်းချောင်း)ဖုန်း-၀၁- ၅၁၀၅၈၆၊ ဦးဟန်ထွန်း (တောင်ဥက္ကလာပ) ဖုန်း-၀၁-၅၇၉၆၄၁၊ မခင်သင်းဆွေ (ခ)မဘုတ်ဘုတ် (မင်္ဂလာဈေး-တာမွေ) ဖုန်း-၀၉-၅၁၅၉၉၃၄၊ ဦးတင်မိုးထွန်း (လှိုင်သာယာ) ဖုန်း-၀၁-၆၄၅၂၁၉၊ ဦးသက်နိုင် (ရန်ကုန်-ဆကာကြီးကား) ဖုန်း-၀၉-၅၄၀၅၇၂၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**ရန်ကုန်အနောက်ပိုင်းခရိုင် မိခင် နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ် ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်း နှင့် တာဝန်ရှိသူတို့ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပန်းဘဲတန်း မြို့နယ်အတွင်းရှိ တီဘီလူနာရှင်များ အား အိမ်တိုင်ရာရောက် ဆေးဝါးနှင့် အာဟာရဓာတ်စာများ ပေးအပ် လှူဒါန်းစဉ်။** (မြို့နယ်ပြန်/ဆက်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး- ဒဂုန်ဆရာတင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ "သုတရောင်စုံပန်းခင်း"
၈း၀၅ ၈။ ကဗျာပန်းဥယျာဉ်
၈း၂၀ ၉။ အကပြိုင်ပွဲ
၈း၃၀ ၁၀။ "အဲ့ဒီမှာစတွေ့တာပဲ"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၁၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၃၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၁၅ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၂၄)**
၂း၂၀ ၇။ "မြတ်မျိုးမြင့်မှန်"
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၀ ၄။ "သတင်းကောင်း"
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ လှပစုံလင်အာဆီယံတစ်ခွင်
၅း၀၅ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၂၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် "ယမင်းသက်ထားထွန်း"
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၃၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ထပ်မံဖူးမြော်မြတ်စွယ်တော်"
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၆)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၂၆)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်နှင့် အရှေ့တောင်အာရှနိုင်ငံများမှ စာရင်းစစ်ချုပ်များ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ပထမအကြိမ် ညီလာခံ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)




# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ဖွဲ့စည်းကြောင်းကြေညာခြင်းနှင့် စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ၏ ပထမအကြိမ်ညီလာခံ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီတွင် နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ဖွဲ့စည်းကြောင်းကြေညာခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ပထမအကြိမ် ညီလာခံသို့ တက်ရောက်ခဲ့သည်။**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ကို အဖွဲ့ဝင်နိုင်ငံများရှိ စာရင်းစစ်ချုပ်ရုံးများအကြား လုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေး မြှင့်တင်ရန်၊ နိုင်ငံပိုင်ကဏ္ဍစစ်ဆေးခြင်း အပိုင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ စာရင်းစစ်ချုပ်ရုံးများအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်း မြှင့်တင်ရန်၊ စစ်ဆေးရေးလုပ်ငန်းအား အထောက်အကူပြုသော ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် စစ်ဆေးရေးလုပ်ငန်းဖြင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုရှိသည့် အာဆီယံနိုင်ငံများအကြား တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်ခြင်းက ပြည်သူများသို့ ရှင်းလင်းတင်ပြမှုနှင့် ပွင့်လင်းမြင်သာရှိမှုကို ဖြစ်ပေါ်စေပြီး ပိုမိုကောင်းမွန်သည့် အစိုးရ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ဖွဲ့စည်းခြင်း ဖြစ်သည်။

**လက်မှတ်ရေးထိုး**

မြန်မာနိုင်ငံ အပါအဝင် အာဆီယံ နိုင်ငံများရှိ စာရင်းစစ်ချုပ်ရုံးများ၏ အကြီးအကဲများသည် အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်ကို နိုဝင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးကြသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ သက်တမ်းကာလအတွက် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ပထမဦးဆုံး ဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးအကြီးအကဲဖြစ်သူ Mr. Hadi Poernomo ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ပန်းပြင်ကျေးရွာရှိ တောင်သူဦးငွေအေး၏ လယ်မြေ၌စက်ဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် သရက်ချောင်းမြို့နယ် ပန်းပြင်ကျေးရွာရှိ တောင်သူဦးငွေအေး၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ကျော်ဇေယျမျိုးစပါးစိုက်ပျိုးထားသည့် လယ်မြေဧက ၂ ဒသမ ၃၇ ဧက၌ စက်ဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ လယ်မြေမှ စပါးတစ်ဧကအထွက်နှုန်း ၈၂ ဒသမ ၃၅ တင်း ရှိကြောင်း သိရသည်။

ထို့နောက် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာရှိ တောင်သူ ဒေါ်မာမာဝင်း၏ ကျော်ဇေယျ မျိုးစပါးခင်း ၄ ဒသမ ၆၃ ဧကအား စက်ဖြင့် စပါးခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ လယ်မြေမှ တစ်ဧကအထွက်နှုန်း ၈၀ ဒသမ ၈၇ တင်း ရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ထားဝယ်- မြိတ်လမ်း (ထားဝယ်-ပုလောက်လမ်းပိုင်း)တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကံကြီးကျေးရွာအနီးရှိ ၂၃၀/၆၆/၁၁ ကေဗွီ ၂ × ၅၀ အမ်ဗွီအေ ပုသိမ် ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း၌ ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် Switch Yard တည်ဆောက်မည့် မြေနေရာများ တိုင်းတာသတ်မှတ်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ခရိုင်နှင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ ၂ × ၁၀၀ အမ်ဗွီအေ အလုံပင်မ ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း၌ ဓာတ်အားခွဲရုံ Switch Yard အတွင်း 66 KV Switch Bay နှင့် 11 KV Switch Bay များ တည်ဆောက်ပြီးစီးမှု၊ Control Room အတွင်းရှိ Control Panel များ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၈

### ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။


# လူညွန့်တုံးစေသောအရာ

- ❖ ယနေ့အချိန်အခါတွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။
- ❖ မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးရသည်။
- ❖ မူးယစ်ဆေးဝါးကြောင့် မိကွဲ၊ ဖကွဲဖြစ်ကြရသည်။
- ❖ မူးယစ်ဆေးဝါးသည် မှတ်ဉာဏ်ကို ထိုင်းမှိုင်းစေသည်။
- ❖ ဝိသမလောဘသားများက ဘယ်သူသေသေ ငတေမာပြီးရော စိတ်စေတနာဆိုးဖြင့် လူငယ်များအား မူးယစ်ဆေးဝါးများ သုံးစွဲချင်လာအောင် သွေးဆောင်ဖြားယောင်းလျက်ရှိသည်။
- ❖ မူးယစ်ဆေးဝါးကို လုံးဝလက်တည့်စမ်း သုံးစွဲခြင်းမပြုသင့်။
- ❖ စွဲတတ်စေသော အရာများဖြစ်သဖြင့် မြည်းစမ်းခြင်းလည်း မပြုသင့်။
- ❖ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ပြီး လူကောင်း၊ လူတော်၊ လူရည်မွန်များဖြစ်အောင် ကြိုးစားကာ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကို အကျိုးပြုကြရမည်။

**ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့ ၁၃ ရက်မြောက်နေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ပူဇော်အထူးကို ခံယူတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်မြတ်သည် ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ် မြန်မာနိုင်ငံသို့ ဒေသစာရီကြွရောက်အပူဇော်ခံခဲ့သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားစေရန် နိုင်ငံနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် မြန်မာပြည်သူတို့၏ ကြီးမားထက်သန်လှသော သဒ္ဓါတရားကို အလေးထားသောအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်ကာလ၌ နိုင်ငံတော်သမ္မတကြီးက ပြည်သူများ ထပ်မံဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ဦးစီးစီမံဆောင်ရွက်ပေးခဲ့မှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ယခုအခါ စတုတ္ထအကြိမ်အဖြစ် နိုဝင်ဘာ ၆ ရက်မှစတင်၍ မြန်မာနိုင်ငံသို့ ကြွရောက်သီတင်းသုံးစံပယ် အပူဇော်ခံခြင်းဖြစ်သည်။

**လာရောက်လှူဒါန်း**

မြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါဖွေးဖြူ ပေးလှူနိုင်ရေး ဖွင့်လှစ်အလှူခံလျက်ရှိသည့် အလှူခံဌာနများသို့ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း-ဒေါ်ခင်ခင်ရီ မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၊ နေပြည်တော် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးအောင်မိုးကြည်-ဒေါ်တင်ပပမြင့် မိသားစုက ငွေကျပ် ငါးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ခင်မောင်ထွန်း-ဒေါ်တင်တင်အေး မိသားစုက ငွေကျပ် သုံးသိန်း၊ တောင်ကြီးမြို့ ပအိုဝ်း ဘုရားဖူးအဖွဲ့က ငွေကျပ် ၁၅၀၀၀၀၊ ရမည်းသင်းမြို့နယ် မိုးထိမိုးမိ ဝါးဖြူတောင်ဒေသမှ BK- BBK ကုမ္ပဏီမိသားစုနှင့် ဦးစိန်ဝင်း-ဒေါ်သင်းသင်းအေး မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဇေယျာဝတီမြို့နေ ဦးပု-ဒေါ်စိန်မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၈၀၈၀၀၀ တန်ဖိုးရှိ ရွှေကလစ်နှစ်ခု၊ ရွှေဆံထိုးတစ်ခုနှင့် ရွှေလက်စွပ်တစ်ကွင်း၊ နေပြည်တော် ရွှေကြာပင်ရပ်ကွက်နေ ဦးသိန်းရွှေ-ဒေါ်လှကြည်မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၆၆၈၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်းနှင့် ရွှေဆွဲကြိုးတစ်ကုံး၊ နေပြည်တော် ရာဇဌာနီလမ်းနေ ဦးအေးမင်း- ဒေါ်တင်တင်အောင် မိသားစုက ခန့်မှန်းငွေကျပ် ၁၈၆၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက် တစ်ကွင်း၊ မိခင်ကြီးဒေါ်ကလေးမအား ရည်စူး၍ ထန်းနှစ်ပင်မြို့နယ် ကျည်တော်ကျေးရွာနေ ဦးထွန်း-ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမိသားစုက ခန့်မှန်းငွေကျပ် ၁၈၅၀၀၀ တန်ဖိုးရှိ ရွှေကြယ်သီး ငါးခု၊ (ဦးဝဏ္ဏနှင့် ဒေါ်စန္ဒာထွေး)တို့အား ရည်စူး၍သမီးသုံးဦး မိသားစုက ခန့်မှန်းငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ပုလဲနက်တစ်ပွင့်နှင့် စိန် ၁၆ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ မိဘများအား ရည်စူး၍ ဖြူးမြို့ ပဲခူးလမ်းနေ ဦးစံသိန်း- ဒေါ်အမာ မိသားစုက ခန့်မှန်းငွေကျပ် ၆၈၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးအပါအဝင် စုစုပေါင်းငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၅၁ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၅၄ ဦးတို့က လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့မှ ခိုင်စံပယ် ဘုရားဖူးအဖွဲ့က ငွေကျပ် လေးသိန်း၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း-ဒေါ်ခင်မိမိနှင့်မိသားစုက ငွေကျပ် သုံးသိန်း၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားအရာရှိကြီးများက ငွေကျပ် ၃၂၀၀၀၀၊ ဗိုလ်ချုပ် လှမြင့်ရွှေ-ဒေါ်ချိုချိုသန်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဗိုလ်မှူးကြီး အောင်ဇော်အေး-ဒေါ်နှင်းဝေမိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ နှင့် ရီမင်ဘီ ၄၀၅ ယွမ်၊ ဗိုလ်မှူးကြီးခင်စိုး(အငြိမ်းစား)-ဒေါ်နန်းသိန်းဖြူ မိသားစုနှင့် နေပြည်တော်နေ ဦးပြုံးချို-ဒေါ်နေမျိုးမြတ် မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသိန်းဇော်-ဒေါ်မူမူဝင်း မိသားစုက နိုဝင်ဘာ ၁၁ ရက်တွင် ငွေကျပ် ၁၁၅၀၀၀၀ လှူဒါန်းခဲ့ပြီး ထပ်မံ၍ ဒုတိယအကြိမ်အဖြစ် ငွေကျပ်တစ်သိန်းနှင့် ကလေးမြို့နေ ဦးသက်ဝေ-ဒေါ်မေသက်ထားအောင် မိသားစုက ခန့်မှန်းငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ စိန် ၁၆ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် စုစုပေါင်း အလှူတော်ငွေ အလှူရှင် ၂၄ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံအလှူရှင် ၂၇ ဦးတို့ လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းမှ ယနေ့ ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက် လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၃၀၇၁၇၀၆၀၊ FEC ရှစ်ယူနစ်၊ အမေရိကန် ဒေါ်လာ ၁၂၄၁ ဒေါ်လာ၊ ရီမင်ဘီ ၈၃၃ ယွမ်၊ ထိုင်းဘတ် ၄၃၊ မလေးရှားရင်းဂစ် ၁၊ အိန္ဒိယရူပီး ၃၀၀၊ စင်ကာပူဒေါ်လာ ၁၀၊ ကိုရီးယားဝမ် ၁၀၀၀၀၊ နီပေါရူပီး ၁၅၊ ဘူတန်နူလ်ထရမ် ၆ နှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ ၁၀၉ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၂၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)





**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်းမှ ရွှေတံဆိပ်(၁)ဆု ထပ်မံဆွတ်ခူးရရှိပြီး အခြားအားကစားနည်းများတွင်လည်း ဆုတံဆိပ်များ ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ မြားပစ် (Mix Team Compound )ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ရဲမင်းဆွေနှင့် အောင်ငြိမ်းတို့က ရမှတ် ၁၅၀ ဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး မလေးရှားနိုင်ငံက ရမှတ် ၁၄၆ မှတ်ဖြင့် ဒုတိယဆုနှင့် အင်ဒိုနီးရှားနိုင်ငံက တတိယဆုကို လည်းကောင်း၊ ဂျူဒိုပြိုင်ပွဲ၌ အမျိုးသား (-၆၀)Kg တွင် မြန်မာနိုင်ငံမှ ဟိန်းလတ်ဇော်က ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး ဗီယက်နမ်နိုင်ငံက ပထမဆုနှင့် အမျိုးသမီး (၅၂)Kgတွင် မြန်မာနိုင်ငံမှ သဉ္ဇာစိုးက ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး လာအိုနိုင်ငံက ပထမဆုကို လည်းကောင်း၊ အမျိုးသားအလေးမပြိုင်ပွဲ (၆၉) ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ကျော်မိုးဝင်းက ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ပထမဆုနှင့် ဒုတိယဆုတို့ကို လည်းကောင်း ဆွတ်ခူးခဲ့ကြသည်။

နိုဝင်ဘာ ၁၈ ရက် ယနေ့ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်တစ်ဆု၊ ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ် တစ်ဆု ဆွတ်ခူးရရှိပြီး နိုဝင်ဘာ ၁၁ ရက်မှ ၁၈ ရက်အထိ စုစုပေါင်း ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် ၁၅ ဆုနှင့် ကြေးတံဆိပ် ၂၃ ဆု စုစုပေါင်း ၄၂ ဆု ဆွတ်ခူးရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲမြားပစ်(Mix Team Compound) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားသော ရဲမင်းဆွေနှင့် အောင်ငြိမ်း။**



**ဂျူဒိုပြိုင်ပွဲ အမျိုးသား (၆၀) Kg ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးသွားသော ဟိန်းလတ်ဇော်။**

**အမျိုးသား အလေးမ (၆၉) Kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ဆွတ်ခူးသွားသော ကျော်မိုးဝင်း။**





**ဂျူဒိုပြိုင်ပွဲ အမျိုးသမီး (-၅၂) Kg ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးသွားသော သဉ္ဇာစိုး။**

# (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် လက်ဝှေ့သမားနှစ်ဦး ဗိုလ်လုပွဲတက်ရောက် နပန်းပြိုင်ပွဲ၌ မြန်မာမှ ကြေးတံဆိပ်(၄)ခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့၌ ကျင်းပလျက်ရှိသည့် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသည့် အားကစားပြိုင်ပွဲများအနက် နပန်းပြိုင်ပွဲများ၌ မြန်မာနပန်းသမားများက ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့သည်။ ယင်းကြေးတံဆိပ်ဆုများကို မြန်မာနိုင်ငံမှ နပန်းအားကစားသမား ဝင်းလှိုင်ထွေးက (၆၆)ကီလိုတန်း၌ ပူးတွဲကြေးတံဆိပ် နှစ်ခု၊ (၈၄)ကီလိုတန်းတွင် ဇော်မိုးအောင်က ကြေးတံဆိပ် တစ်ခုနှင့် (၆၀)ကီလိုတန်းတွင် မြန်မာနပန်းသမား ဇော်မင်းအောင်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။**

နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် Basket Hall ၌ ကျင်းပသည့် လက်ဝှေ့ပြိုင်ပွဲတွင် (၆၉)ကီလိုတန်း၌ မြန်မာလက်ဝှေ့သမား နေလင်းအောင်က အရှေ့တီမောမှ ဂျိနိုဗီနာအီလီအိုအား ၂၅ မှတ် ၁၄ မှတ်ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ နိုဝင်ဘာ ၂၀ ရက်တွင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ထိုင်းလက်ဝှေ့သမား အပီချက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ထို့အတူ (၈၁)ကီလိုတန်း လိုက်ဟဲဗီးဝိတ် လက်ဝှေ့ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာလက်ဝှေ့သမား အောင်ကိုကိုက မလေးရှားမှ မိုဟာမက်ဖရီရက်စ်အား အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ အောင်ကိုကိုသည် ဗိုလ်လုပွဲတွင် ဗီယက်နမ်မှ လောင်ဗန်သွန်နှင့် နိုဝင်ဘာ ၂၀ ရက်၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်ဖန်(၅၂)ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် မြန်မာလက်ဝှေ့သမား ထက်အောင်က စင်ကာပူမှ ဟာမစ်မိုဟာမက်ဟာနူဒင်းအား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ နိုဝင်ဘာ ၁၈ ရက်၌ မြန်မာလက်ဝှေ့ကစားသမား မောင်မယ်များသည် အကြိုဗိုလ်လုပွဲ လေးပွဲ ယှဉ်ပြိုင်ကြသည်။ အမျိုးသမီး (၅၇) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် မြန်မာလက်ဝှေ့မယ် ကြူကြူလှိုင်က ဗီယက်နမ်လက်ဝှေ့မယ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး (၄၈)ကီလိုတန်းတွင် မြန်မာလက်ဝှေ့မယ် သက်ထားစံက မလေးရှားလက်ဝှေ့မယ်နှင့် ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး (၄၉)ကီလိုတန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် နိုဝင်ဘာ ၁၈ ရက်၌ မြန်မာလက်ဝှေ့သမား ဝေဖြိုးထွန်းက ဗီယက်နမ်လက်ဝှေ့သမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး (၅၆)ကီလိုတန်း အမျိုးသား လက်ဝှေ့ပြိုင်ပွဲအဖြစ် မြန်မာလက်ဝှေ့သမား ကျော်ကျော်လတ်နှင့် ထိုင်းလက်ဝှေ့သမားတို့ ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန်ယူက အသက်ငါးနှစ်အရွယ် လူငယ်ကစားသမားလေးနှင့် စာချုပ်ချုပ်ဆို

**မန်ချက်စတာ နိုဝင်ဘာ ၁၈**

မန်ယူအသင်းသည် အသက်ငါးနှစ်အရွယ် လူငယ်ကစားသမားလေး ချာလီဂျက်ဆင်(**အောက်ပုံ**)နှင့် စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ယင်းကြောင့် ချာလီ၏ အနာဂတ်ရေးကို မန်ယူအသင်းက စီမံခန့်ခွဲခွင့်ရရှိခဲ့ပြီဖြစ်သည်။



ငင်းအသက်သုံးနှစ်အရွယ်က ဖူတီတော့ဇ် လူငယ်လေ့ကျင့်ရေးစခန်းတွင် ကစားနေစဉ် မန်ယူအသင်း၏ ဘောလုံးကင်းထောက်က ၎င်း၏ဘောလုံးကစားပုံကောင်းမွန်မှုကို တွေ့ရှိခဲ့သည်။ သို့သော် ထိုစဉ်က ၎င်း၏အသက်အရွယ်မှာ ငယ်သေး၍ ယခုအချိန်မှသာ စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ချာလီသည် မန်ယူအသင်းနှင့် တစ်ပတ်လျှင်တစ်ကြိမ် လေ့ကျင့်ခန်းဆင်းနေသည်။ ထို့ပြင် အားလပ်ရက်များတွင် ပန်းခြံအတွင်း ၎င်းဘောလုံးကစားရာနေရာသို့ လူအများ လာရောက်ကြည့်ရှုကြသည်အထိ ၎င်း၏ ဘောလုံးစွမ်းရည်မှာ ထူးခြားလှသည်။ တချို့ဆိုလျှင် ငါးနှစ်သားလေး ဘောလုံးကစားနေသည်မှာ ဟုတ်ပါ့မလားဟူ၍ပင် ထုတ်ဖော်ချီးကျူးခဲ့ကြသည်။

ချာလီနှင့်ပတ်သက်၍ ၎င်း၏ဖခင် မစ္စတာဂျက်ဆင်က ချာလီသည် ဘယ်ခြေရော ညာခြေပါ အသုံးပြု၍ ဘောလုံးကစားနိုင်ကြောင်း၊ အသက်ငယ်ရွယ်သော်လည်း မယုံကြည်နိုင်လောက်အောင် သန်မာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ချာလီသည် ၎င်း၏ဖခင် အန်ဒီ၊ မိခင် ကလဲယား၊ အစ်ကို ဂျိတ်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။ **အင်တာနက်။**

ဟိန်းထက်လင်း

# မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်နှင့် လွှတ်တော်များ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြု

## မြန်မာနိုင်ငံ၏ အပြုသဘောပြုပြင်ပြောင်းလဲမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့ စေလွှတ်မည်

## တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေးတွင် သမ္မတဘားရက်အိုဘားမား ပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၈

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးအစီအစဉ်များအရ တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် Bali Nusa Dua Convention Centre (BNDCC), Nusa Dua 3 ခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးတွင် အမေရိကန်နှင့် အာဆီယံနိုင်ငံခေါင်းဆောင်များက အသီးသီးမိန့်ခွန်းပြောကြားခဲ့ကြသည်။**

### အသိအမှတ်ပြု

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားရာ၌ **မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်နှင့် လွှတ်တော်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ အပြုသဘောပြုပြင်ပြောင်းလဲမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးအခန်းကဏ္ဍသစ်ကို စတင်နိုင်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း စေလွှတ်သွားမည်** ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း အမေရိကန်သမ္မတ၏ ယင်းအပြုသဘော ဆွေးနွေးပြောကြားချက်များအပေါ် ကြိုဆိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် Mr. Nguyen Tan Dung အား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၈

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် Mr. Nguyen Tan Dung အား နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ဟနွိုင်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်တွေ့ဆုံသည်။**

တွေ့ဆုံပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သောင်းအေး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံ ဒေါ်မွေးမွေးခိုင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဒုတိယစစ်ဦးစီးချုပ် Lt. General Tran Quang Khu၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်စစ်သံမှူး Snr. Col. Nguyen Van Vui နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မှုဆိုင်ရာများ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဆိုင်ရာများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



### သွားရောက်တွေ့ဆုံ

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် Mr. Nguyen Tan Dung အား သွားရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)